# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## သတင်းလွှာ

Ministry of Health and Sports Newsletter

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

အတွဲ (၁)၊ အမှတ် (၁)




### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသတင်းလွှာ၏ဆောင်ပုဒ်

"သတင်းလွှာ၏ အရည်အသွေးနှင့်ပြည့်စုံမှုသည် ဆက်လက်ထုတ်ဝေရင်း ပိုမိုတိုးတက်ကောင်းမွန်လာရမည်"

### ရည်ရွယ်ချက်

ဤသတင်းလွှာကို သတင်းမျှဝေရာနေရာတစ်ခုအဖြစ် တည်ဆောက်ထားရှိခြင်းဖြင့် ကျွန်ုပ်တို့၏မျှော်မှန်းချက်၊ အတွေးအမြင်တို့ကို သဘောထားညီညွတ်စွာဖြင့် ပြည်သူလူထုအတွက် လက်တွေ့အကျိုးကျေးဇူးများဖော်ဆောင်နိုင်ရန်

### မိမိရဲ့ကိုယ်ပိုင်အရေးကိစ္စလိုသဘောထားပြီးဆောင်ရွက်တတ်စေဖို့

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် လုပ်ငန်းဆောင်တာတွေ၊ ဆောင်ရွက်ချက်တွေကို ပိုမိုစနစ်ကျအောင် အားဖြည့်ဆောင်ရွက်နေတဲ့ အချိန်မှာ "Sense of Ownership" လို့ပြောကြတဲ့ မိမိရဲ့ကိုယ်ပိုင်အရေးကိစ္စလို၊ မိမိပိုင်ဆိုင်တန်ဖိုးထားတဲ့ အရာတွေလို သဘောထားပြီးဆောင်ရွက်ဖို့က အလွန့်အလွန် အရေးကြီးပါတယ်။ ဥပမာအားဖြင့် ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးတွေ၊ ဆေးရုံအုပ်ကြီးတွေက မိမိတို့ တာဝန်ကျရာဒေသ၊ ဌာနများတွင် လုပ်ငန်းများ စီမံခန့်ခွဲ အုပ်ချုပ်ဆောင်ရွက်တဲ့နေရာမှာ "ဒါဟာ မိမိတို့ရဲ့ ကိုယ်ပိုင်ဆေးရုံ၊ ကိုယ်ပိုင်နေရာ၊ ကိုယ်ပိုင်ပစ္စည်း" တွေလို့ သဘောထားတဲ့စိတ်ကို ထပ်ပြန်တလဲလဲ နှလုံးသွင်းလို့ရပါတယ်။ ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ကျန်းမာရေးစီမံကိန်းမန်နေဂျာတွေကလည်း ဒီလိုပုံစံဘဲ တွေးခေါ်စဉ်းစားသင့်ပါတယ်။ အဲဒီစိတ်ဓါတ်သာ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဝန်ထမ်းအားလုံးမှာ လွှမ်းခြုံထားနိုင်ရင် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပြည်သူတွေကို အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးဖို့နဲ့ ရေရှည်ပန်းတိုင်ဖြစ်တဲ့ လူတိုင်းအရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိစေရေး (Universal Health Coverage) ကို သေချာပေါက် အရောက်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့ အခြေခံအနေနဲ့ ကျွန်တော်တို့အားလုံး တာဝန်ကျေမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု ဆိုတဲ့ စိတ်ဓါတ်တွေ ရှိနေဖို့ပါပဲ။ မိမိကိုယ်ပိုင်အလုပ်၊ ကိုယ့်အရေးကိစ္စလို့ သဘောထားပြီး ခံယူတဲ့ အတွေးအခေါ်ကို ပံ့ပိုးနိုင်ဖို့ အကြောင်းတရားတွေကတော့ ကျွန်တော်တို့ အားလုံး ဆေးပညာရှင်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်၊ စီမံခန့်ခွဲအုပ်ချုပ်မှုကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်၊ သုတေသန ကျင့်ဝတ် အသီးသီးကို ကောင်းမွန်စွာ လိုက်နာကျင့်သုံးကြရန်ဖြစ်ပါတယ်။ အားလုံးခြုံငုံပြောရရင်တော့ ကျင့်ဝတ်ကောင်းများကို လိုက်နာခြင်းက ကျွန်တော်တို့ရဲ့လုပ်ငန်းများကို မှန်ကန်တဲ့နည်းလမ်း၊ ဦးတည်ချက်နဲ့ဆောင်ရွက်သွားဖို့ အရေးအကြီးဆုံး အခြေခံအကြောင်းတရားပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး တစ်ဦးကိုတစ်ဦး ကူညီပံ့ပိုးရင်း အတူတကွလက်တွဲလုပ်ကိုင်သွားကြပါစို့။

*(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ကျန်းမာရေးဝန်ထမ်းများသို့ ပြောကြားသည့် အမှာစကားတစ်ခုမှ ကောက်နုတ်ချက်)*

## ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (Pneumococcal Conjugate Vaccine-PCV) စတင်ထည့်သွင်းထိုးနှံခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်း၏ "ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (Pneumococcal Conjugate Vaccine - PCV) စတင်ထည့်သွင်းထိုးနှံခြင်း ဗဟိုအဆင့်ဖွင့်ပွဲ အခမ်းအနား" အား (၁-၇-၂၀၁၆)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ကာကွယ်ဆေးအသစ်ကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ် တွင် (၂၀၁၆) ခုနှစ် ဇူလိုင်လမှစတင်၍ ထည့်သွင်းထိုးနှံပေးလျက်ရှိပြီး ကလေးငယ်များကို ပြင်းထန် အဆုတ်ရောင်ရောဂါပိုးကြောင့် ဖြစ်ပွားနိုင်သော ပြင်းထန်အဆုတ်ရောင်ရောဂါအပါအဝင် ဦးနှောက် အမြှေးရောင်ရောဂါနှင့် အခြားပြင်းထန်သောရောဂါများမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် အရေးပေါ်လူနာတင်ယာဉ်စနစ် (Emergency Medical Services) ထူထောင်ခြင်း



ရန်ကုန်- မန္တလေး အမြန်လမ်းတစ်လျှောက်တွင် အရေးပေါ်လူနာတင်ယာဉ်စနစ် (Emergency Medical Services) အား (၁-၈-၂၀၁၆)ရက်နေ့တွင် စတင်၍ ဆောင်ရွက်လျက်ရှိပြီး အမြန်လမ်းတစ်လျှောက်ရှိလှည်းကူး၊ ဘုရားကြီး၊ မြို့ချောင်း၊ ဖြူး၊ တောင်ငူ၊ လယ်ဝေး၊ အလည်ရွာ၊ မိတ္ထီလာ၊ ပြင်စည် (နွားထိုးကြီး)နှင့် တံတားဦး ပြည်သူ့ဆေးရုံများ၌ လူနာတင်ယာဉ်များ ထားရှိအခြေပြု၍ ဆောင်ရွက် လျက်ရှိပါသည်။ လူနာများကို ကနဦးအသက်ကယ်ကုသမှုဆောင်ရွက်၍ လူနာတင် ယာဉ်များဖြင့် ပြည်သူ့ဆေးရုံများသို့ ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ အရေးပေါ် ထိခိုက်ဒဏ်ရာအခြေအနေများအတွက် ဖုန်းနံပါတ် “192” သို့ ခေါ်ဆို ရမည်ဖြစ်ပြီး နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်- ၁၀၀၀) တွင် Command and Control Centre ဖွင့်လှစ်ကာ လူနာတင်ယာဉ်စေလွှတ်ခြင်းကို စီစစ် ဆောင်ရွက်မည်ဖြစ်ပါသည်။ လူနာတင်ယာဉ်များပေါ်၌ ယာဉ်မောင်း တစ်ဦးနှင့် အသက်ကယ်ဝန်ထမ်း နှစ်ဦး ပါဝင်မည်ဖြစ်ကာ လူနာတင်ယာဉ် ကွပ်ကဲမှုကို သက်ဆိုင်ရာဆေးရုံမှ အရေးပေါ်ဆရာဝန်က အနီးကပ် ကြီးကြပ် ဆောင်ရွက်မည်ဖြစ်ပါသည်။







## ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှစက်တင်ဘာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၏ ကွင်းဆင်းကြီးကြပ်သည့်ခရီးစဉ်များ၊ တက်ရောက်ခဲ့သည့် အခမ်းအနားနှင့်တွေ့ဆုံဆွေးနွေးပွဲများ

❖ ၁-၇-၂၀၁၆ - ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး (PCV) စတင်ထိုးနှံခြင်း ဗဟိုအဆင့်ဖွင့်ပွဲ အခမ်းအနားတက်ရောက်ခြင်း၊

❖ ၃-၇-၂၀၁၆ - ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခြင်း၊

❖ ၅-၇-၂၀၁၆ - ကျန်းမာရေးသတင်းစနစ် ဆန်းစစ်ခြင်းနှင့် ၂၀၁၆-၂၀၂၀ ခုနှစ်အတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတက်ရောက်ခြင်း၊

❖ ၈-၇-၂၀၁၆ - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့်တွေ့ဆုံခြင်း၊

❖ ၂၀-၇-၂၀၁၆ - ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့်ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခြင်း၊ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့နှင့်တွေ့ဆုံခြင်း၊ ဗဟိုဆေးသိုလှောင်ရေးဌာန၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၊ အမျိုးသားကျန်းမာရေးပြတိုက်၊ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့သို့ သွားရောက်၍ ဝန်ထမ်းများ နှင့်တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်း၊

❖ ၂၁-၇-၂၀၁၆ - မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံစစ်တမ်း(၂၀၁၅-၂၀၁၆) ကွင်းဆင်းစာရင်းကောက်ယူခြင်းအတွက် အသိအမှတ် ပြုလက်မှတ်ချီးမြှင့်ခြင်းနှင့် အတွေ့အကြုံရှင်းလင်းပွဲတက်ရောက်ခြင်း၊

❖ ၂၂-၇-၂၀၁၆ - ငှက်ဖျားသတင်းအချက်အလက်ထောက်လှမ်းခြင်းနှင့် ခါတ်ခွဲလုပ်ငန်းအရည်အသွေးထိန်းသိမ်းခြင်းစနစ်အတွက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊

❖ ၂၂-၇-၂၀၁၆ - ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး တက်ရောက်ခြင်း၊

❖ ၂၅-၇-၂၀၁၆ - မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ ခြင်းနှင့် အားကစားနှင့်ကာယပညာသိပ္ပံ၊ မန္တလေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊

❖ ၃၀-၇-၂၀၁၆ - ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှု စစ်ဆေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခြင်း၊ ဆေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၏ ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ခြင်းပညာဆိုင်ရာ နှီးနှော ဖလှယ်ပွဲသို့ တက်ရောက်ခြင်း၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ ဆေးဘက် ဆိုင်ရာနည်းပညာတက္ကသိုလ်တို့သို့သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်း၊

❖ ၁၀-၈-၂၀၁၆ - ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် များ ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊

❖ ၁၁-၈-၂၀၁၆ - ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံကျင်းပရေးအတွက်တည်းခို နေထိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးမှညီလာခံကိုယ်စားလှယ်များတည်းခိုရန်ကြိုတင်ပြင်ဆင်ထားရှိမှုများအားကြည့်ရှုစစ်ဆေးခြင်း၊

❖ ၁၃-၈-၂၀၁၆ - ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်း များနှင့်တွေ့ဆုံခြင်း၊

❖ ၃၀-၈-၂၀၁၆ - ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်များ အရာထမ်းလောင်း အခြေခံ (အထူး) သင်တန်း အမှတ်စဉ် (၃) ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊

❖ ၈-၉-၂၀၁၆ - သားဖွားဆရာမများ၏ လုပ်ငန်းခွင်အကြိုအတတ်ပညာမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတက်ရောက်ခြင်း၊

❖ ၈-၉-၂၀၁၆ - ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရယူရာတွင် ကြုံတွေ့နိုင်သော အဟန့်အတားများနှင့်ပတ်သက်၍ စုစည်းထားသော အသံများ ဖော်ထုတ်ဆွေးနွေးခြင်း အစီရင်ခံစာမိတ်ဆက်ပွဲတက်ရောက်ခြင်း၊

❖ ၂၀-၉-၂၀၁၆ - ဗဟိုအဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ(၂၀၁၅)ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊

❖ ၂၁-၉-၂၀၁၆ - ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၁၆)တက်ရောက်ခြင်း၊

❖ ၂၃-၉-၂၀၁၆ - မိခင်သေဆုံးမှုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် စတင်ဆောင်ရွက်ခြင်းနှင့် အသိပေးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်ခြင်း၊

❖ ၂၄-၉-၂၀၁၆ - စတုတ္ထအကြိမ်မြောက် စိတ်ကျန်းမာရေးပညာညီလာခံဖွင့်ပွဲတက်ရောက်ခြင်း၊

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ (၃-၈-၂၀၁၆)မှ (၅-၈-၂၀၁၆)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ကုသရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးအကြံပေးအဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လက်ရှိအခြေအနေပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အကြံဉာဏ်များပေးခြင်း၊ ဘက်ပေါင်းစုံ ရှုဒေါင့်စုံမှ ဝိုင်းဝန်းသုံးသပ် ဆွေးနွေးခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရက် (၁၀၀) စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ပြည်သူလူထုအသံများအား စုစည်းဆန်းစစ်တင်ပြခြင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကုသရေးဦးစီးဌာမှူးများမှ လက်တွေ့လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ လိုအပ်ချက်များကို တင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ တင်ပြဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်း၍ လမ်းညွှန်မှုများပေးခဲ့ပါသည်။

## ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ (Community Clinics) ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း

ကျေးလက်ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရေးနှင့် လက်လှမ်းမီရေးတို့အတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုနည်းလမ်း (Primary Health Care Approach) ဖြင့် ပြည်သူလူထုပါဝင်မှု (Community Participation) ကို မြှင့်တင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်ရွယ်ချက်ဖြင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ (Community Clinics) အား တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ကျေးလက်ကျန်းမာရေးဌာနများတွင်ဖွင့်လှစ်၍ ကျန်းမာရေးဝန်ထမ်းများမှ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (Community Clinics)**

- မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု (ကိုယ်ဝန်ဆောင်ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရမြှင့်တင်ခြင်း စသည်ဖြင့်) Immunization Corner များ ဖွင့်လှစ်ဆောင်ရွက်ခြင်း
- ကျန်းမာသန်စွမ်းသောသက်ကြီးဘဝ ရရှိအောင် ကျန်းမာသော အမူအကျင့်ရရှိစေရန်ကျန်းမာရေးပညာပေးခြင်း၊ အာဟာရပညာပေးခြင်း၊ဆီးချို/သွေးတိုး စသည့် မကူးစက်တတ်သောရောဂါများ ရှာဖွေခြင်းနှင့် နောက်ဆက်တွဲပြဿနာများမဖြစ်စေရန် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း
- အမူအကျင့်များ ပြောင်းလဲစေရန် ကျန်းမာရေးပညာပေးခြင်း၊ Health Education Cornerများထားရှိခြင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကွင်းဆင်းကြီးကြပ်ခြင်း၊ Health Volunteer များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- လူနာ လွှဲပြောင်း ပေးပို့ခြင်း

**One Stop Service**

## ပြည်သူ့ဆေးရုံကြီးများတွင်Reception Services များ ဖွင့်လှစ်ဆောင်ရွက်ခြင်း




ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ခုတင်၂၀၀နှင့်အထက် ပြည်သူ့ဆေးရုံကြီးများတွင် လူနာများစိတ်ကျေနပ်မှုရရှိစေရန်နှင့်အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ဆေးလုပ်ငန်းဆက်ဆံရေးဌာနမှ ဦးဆောင်၍ လူနာများအား ကြိုဆိုရေး၊ ပြန်ကြားရေး၊ ဆက်သွယ်ညှိနှိုင်းရေးလုပ်ငန်းများ (Reception Services) ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ Hospital Reception Service ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူနာနှင့်ဝန်ထမ်းများအကြား ဆက်ဆံရေးအဆင်ပြေချောမွေ့စေရန် ပေါင်းကူးဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ လူနာများနှင့်လူနာစောင့်များ၏ စိတ်ဖိစီးမှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးခြင်းနှင့် ကုသရေးဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။ ကုသရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ပါမောက္ခ ဒေါက်တာမြင့်ဟန်၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် Training of Trainers for Hospital Receptionists သင်တန်းအား တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံအသီးသီးမှ Receptionists (၇၇) ဦး၊ Radiographers (၅၇) ဦး၊ Physiotherapists (၅၈) ဦး၊ Pharmacists (၆၂) ဦး တို့အား သင်တန်းများပို့ချခဲ့ပြီးဖြစ်ပါသည်။

## ကျောင်းကျန်းမာရေးလုပ်ငန်းများတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ကျောင်းသားလူငယ်တစ်ရပ်လုံးအား ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ (Healthy Life Style) ကို သိရှိပြီး စွဲမြဲစွာကျင့်သုံးစေရန်နှင့် ကျန်းမာရေး အဆင့်အတန်းမြင့်မားတိုးတက်လာစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျောင်းကျန်းမာရေးသီတင်းပတ်ဖြစ်သော ဩဂုတ်လဒုတိယပတ်၌ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း (အမှိုက်ကင်းစင်ကျောင်း၊ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲရေး)၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်းနှင့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။




## သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း



၂၀၁၆ ခုနှစ်၊ မိုးဦးကာလမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခြင်း၊ မေလတွင် ရွှံ့နွံဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ဩဂုတ်လတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခြင်းတို့ ဖြစ်ပွားခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲအနေဖြင့် သဘာဝဘေးဖြစ်စဉ်များတွင် လျင်မြန်တုံ့ပြန်ဆေးအဖွဲ့များ (Rapid Response Teams) ဖြင့်လည်းကောင်း၊ ယာယီ ဆေးခန်းများနှင့်ရွေ့လျားဆေးခန်းများဖွင့်လှစ်၍လည်းကောင်း၊ သဘာဝဘေးသင့် ပြည်သူများအား ဆေးကုသမှုပေးခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့ပေးခြင်း၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးခြင်းစသည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသဘာဝဘေးဖြစ်စဉ်များတွင် ကျန်းမာရေးဌာနဆိုင်ရာ အဆောက်အဦ (၁၇၀)ခန့်၌ ပျက်စီးမှုအချို့ရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ်၊ ထန်ခေါ်လာမား ကျေးရွာတွင် ဂျက်သက်ရောဂါ ကပ်အသွင် ဖြစ်ပွားမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် (၂၁-၇-၂၀၁၆)ရက်နေ့မှ စတင်ပြီး ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း ဦးဆောင်၍ကူးစက်ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေးဆရာဝန်ကြီးများပါဝင်သော ဗဟိုအဆင့် ကွင်းဆင်းအဖွဲ့(၇)ဖွဲ့၊ တိုင်းဒေသကြီးအဆင့် ကွင်းဆင်းအဖွဲ့(၃)ဖွဲ့နှင့် မြို့နယ်အဆင့်ကွင်းဆင်းအဖွဲ့များသည် လဟယ်နှင့်နန်းယွန်းမြို့နယ် များအတွင်း ဝက်သက်ရောဂါထိန်းချုပ်နှိမ်နင်းခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကျေးရွာများတွင် ဆေးခန်းများဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ ဝက်သက်ရောဂါထပ်မံဖြစ်ပွားမှုမရှိစေရေးအတွက် လဟယ်မြို့နယ်အတွင်းရှိ အသက် (၉)နှစ်မှ (၁၅)နှစ်အတွင်းရှိ ကလေးများအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကလေးငယ်များအား ဗီတာမင်နှင့်အာဟာရမှုန့်တိုက်ကျွေးခြင်း၊ အသက် (၂)နှစ်မှ (၉)နှစ် အတွင်း ကလေးများအား သန်ချဆေးတိုက်ကျွေးခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရန်အတွက် ဆိုင်ကယ်များနှင့် ဆက်သွယ်ရေးစက်များထောက်ပံ့ခြင်း၊ ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်များ စေလွှတ်ခြင်းလုပ်ငန်းများအား ဒေသအုပ်ချုပ်ရေးအဖွဲ့၊ တပ်မတော်၊ WHO၊ UNICEF အဖွဲ့များ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(လေရှီး၊လဟယ်၊ နန်းယွန်း) မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးမှူး (၁)ဦး၊ သားဖွားဆရာမ (၂၇)ဦး၊ ကျန်းမာရေးကြီးကြပ်(၂) (၂၈)ဦး၊ စုစုပေါင်း (၅၆)ဦးတို့မှ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်သွားကြမည်ဖြစ်ပြီး ၎င်းတို့အားတာဝန်ပေးအပ်ပွဲနှင့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို (၄-၉-၂၀၁၆)ရက်နေ့တွင် လဟယ်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။






## ဇီကာဗိုင်းရပ်စ်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိခြင်း



ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (၁-၂-၂၀၁၆)ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာအရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် (၂၀၁၆) ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက်ညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း၊ မြန်မာနိုင်ငံဆေးပညာရှင်များ ပူးပေါင်း၍ ဇီကာဗိုင်းရပ်စ်ရောဂါဆိုင်ရာ အသိပညာ နှီးနှော ဖလှယ်ပွဲများ ကျင်းပခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး အမျိုးသားအဆင့် ဇီကာဗိုင်းရပ်စ်ရောဂါ ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ကာကွယ်ရေးစီမံချက်ရေးဆွဲ၍ ရောဂါကူးစက်ဝင်ရောက်မှုမရှိစေရေး၊ စောစီးစွာသိရှိနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများဆောင်ရွက်ခြင်း

ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များ၏ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများတွင် ဆေးပညာကျင့်ဝတ်နှင့် ဆေးပညာအသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များကို စာသင်နှစ်အလိုက် ထည့်သွင်းသင်ကြားနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးပညာသင်ကြားရေး/ ပညာပေးဌာနတွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ရက်မှ ၆ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဆေးပညာကျင့်ဝတ်နှင့် ဆေးပညာအသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များကို စာသင်နှစ်အလိုက် ထည့်သွင်းသင်ကြားနိုင်ရေး၊ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများတွင် Integrated Curriculum ဖြင့် သင်ကြားနိုင်ရေးကိစ္စရပ်များကို ပညာရှင်များနှင့် ဆွေးနွေးပွဲ တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ကြပါသည်။




## သုတေသနဆိုင်ရာဟောပြောပွဲများကျင်းပပြုလုပ်ခြင်း

Symposium on “Transplant in Myanmar: Past, Present and Future” အခမ်းအနားကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှဦးစီး၍ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၃၀ ရက်တွင် ဆေးသုတေသနဦးစီးဌာန၊ အဆင့်မြင့်မော်လီကျူးသုတေသနဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်ခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် ယနေ့ကျင်းပသည့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲသည် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အလွန်အရေးပါသည့် ခန္ဓာကိုယ်တွင်းအင်္ဂါများအစားထိုးကုသပေးခြင်းကို နိုင်ငံတကာအဆင့်မီ၊ အရည်အသွေးပြည့်ဝစွာဆောင်ရွက်နိုင်ရန်အတွက် ယခင်အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်များကိုလေ့လာသုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းအတွက် လိုအပ်သည့် အကြံပြုချက်များရယူရန်၊ မြန်မာနိုင်ငံတွင် ခန္ဓာကိုယ်တွင်းအင်္ဂါအစားထိုးကုသခြင်းများကိုပုံမှန်လုပ်ငန်းတစ်ရပ်အဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခြေအနေသို့ ရောက်ရှိစေရန် နည်းဗျူဟာများနှင့် လိုအပ်ချက်များ၊ ဖြည့်စွက်ဆောင်ရွက်ရမည့်အချက်များ ထွက်ပေါ်လာစေရေးဆောင်ရွက်ရန်တို့ကို ပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌပါမောက္ခဒေါက်တာနေဝင်းက အမှာစကားပြောကြားပြီးပါမောက္ခဒေါက်တာမောင်မောင်ဝင့်နှင့် ပါမောက္ခဒေါက်တာထွန်းဦးတို့ကသဘာပတိများအဖြစ်ဆောင်ရွက်ခဲ့ကြပါသည်။ ဆေးသုတေသနဦးစီးဌာနသည် သုတေသနပညာရပ်ဆိုင်ရာ ဟောပြောပွဲများနှင့်သင်တန်းများအား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်မှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ (၁-၇-၂၀၁၆) ရက်နေ့တွင် Vulnerability in Research Ethics၊ (၁၁-၇-၂၀၁၆) ရက်နေ့တွင် Time-Motion Study နှင့် Utilization of Urban Health Centres သုတေသနများအတွက်ဆွေးနွေးညှိနှိုင်းပွဲ၊ (၁၂-၇-၂၀၁၆)ရက်နေ့တွင် ဓာတ်ခွဲခန်းနည်းပညာရပ်ဆိုင်ရာဟောပြောပွဲ၊ (၁၃-၇-၂၀၁၆)ရက်နေ့တွင် Data Collector Training on Time-Motion Study၊ (၂၀-၇-၂၀၁၆)ရက်နေ့တွင် Data Collector Training on Assessment of Utilization of Urban Health Centers in Yangon & Mandalay Regions (2016) တို့အား ဆောင်ရွက်ခဲ့ပါသည်။






## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်ခွဲခန်းများအား နိုင်ငံတကာအသိအမှတ်ပြုဓာတ်ခွဲခန်းများအဖြစ်ဆောင်ရွက်ခြင်း

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဓါတ်ခွဲခန်းများအား နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများအဖြစ် ရပ်တည်နိုင်ရန်အတွက် ISO 17025 ရရှိရန် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်မှ ဦးဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ Pharmaceutical Chemistry Laboratory သည် USP/ UNOPS တို့၏ အကူအညီဖြင့် Training For Quality Management System အတွက် အနီးကပ်



သင်တန်းများပေးခြင်းနှင့် စက်ပစ္စည်းများ တပ်ဆင် အသုံးပြုရန်အတွက် ဆောင်ရွက်ခဲ့ရာ External Assessment အတွက် စစ်ဆေးခံရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။Food Microbiology Laboratory (Yangon) နှင့် Food Microbiology Laboratory (NayPyiTaw) တို့အား UNIDO ၏အကူအညီဖြင့် ISO 17025 ရရှိရန်ဆောင်ရွက်လျက်ရှိရာ Quality Training သင်ကြားပို့ချခဲ့ပြီးဖြစ်သည့်အပြင် အချက်အလက်များလည်း ပြင်ဆင်ပြီးဖြစ်ပါသည်။ ISO 17025 Accreditation ကို Pharmaceutical Chemistry Laboratory သည် ၂၀၁၇ ခုနှစ်၊ နှစ်ဦးပိုင်းတွင်လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်တို့ရှိ Food Microbiology Laboratory များသည် ၂၀၁၇ ခုနှစ်၊ နှစ်လယ်ပိုင်းတွင်လည်းကောင်း ရယူနိုင်မည်ဟုမျှော်မှန်းထားပါသည်။

## တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးဖုံများနှင့် ဆေးနည်းများ တစ်ပြေးညီဖြစ်စေရန် အတည်ပြု သတ်မှတ်ရေးနှင့် ပြန်လည်ညှိနှိုင်း စိစစ်ထုတ်ဝေခြင်းတို့အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဒေါက်တာရီရီမြင့်မှ ဦးဆောင်၍ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့်တိုင်းရင်းဆေးတက္ကသိုလ်မှ တိုင်းရင်းဆေးပညာရှင်များ၊ အခြားနီးနွယ်သည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့သည်၂၀၁၆ခုနှစ်၊ဧပြီလမှစတင်၍အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့ပါသည်။ 'ဌာနသုံးတိုင်းရင်းဆေးနည်းများနှင့် သမားစဉ်ဆေးဖုံများ' ခေါင်းစဉ်ဖြင့် ၂၀၁၆ခုနှစ် ဇူလိုင်လတွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူလူထုအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို စာရင်းဇယားအချက်အလက်များ၊ အညွှန်းကိန်းများဖြင့် ဖော်ပြနိုင်ရန်အတွက်



တိုင်းရင်းဆေးရုံများ၊ ဆေးခန်းများနှင့် ကွင်းဆင်းကုသမှုများတွင် ကုသမှုပေးလျက်ရှိသော ရောဂါအမျိုးအစားပေါင်း (၁၅၀) တို့ကို International Classification of Diseases (ICD code - 3 digit) ဖြင့် သတ်မှတ်ရန်အတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သဘာဝဘေးကျရောက်သည့် ဒေသဖြစ်သော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ရှိ ရေဘေးသင့်ပြည်သူများအား (၁-၈-၂၀၁၆) ရက်နေ့မှ (၁၁-၈-၂၀၁၆)ရက်နေ့အထိ အထူးဆေးခန်းများဖွင့်လှစ်၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ပါသည်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်ကြက်တောင်ရိုက်ပြိုင်ပွဲများကျင်းပခြင်း



၂၀၁၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားအား ဩဂုတ်လ (၅)ရက်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C)၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား၊ အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲများတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းမှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## ရီယိုအိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှဝင်ရောက်ယှဉ်ပြိုင်ခြင်း




(၃၁)ကြိမ်မြောက် ရီယိုအိုလံပစ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၅)ရက်မှ (၂၁)ရက်နေ့အထိ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ရေကူး၊ မြားပစ်၊ ဂျူဒို၊ သေနတ်ပစ်၊ ပြေးခုန်ပစ်အားကစားနည်းများတွင် အားကစားသမား(၇)ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ မြားပစ်ကစားနည်းတွင် စန်းယုထွေးက(၁၆)ဦးအဆင့်သို့လည်းကောင်း၊ သေနတ်ပစ် အားကစားတွင် ရဲထွန်းနောင်က လေပစ္စတိုမီတာ(၅၀)တွင်အဆင့်(၁၇)ကိုလည်းကောင်း၊ ဂျူဒို အားကစားတွင် ရန်နိုင်စိုးက (၁၆)ဦးအဆင့်သို့လည်းကောင်း၊ ရေကူးပြိုင်ပွဲတွင် အိအိသက်က အမျိုးသမီးမီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် အဆင့်(၇၀)၊ သင့်မြတ်က အမျိုးသားမီတာ(၁၀၀) လိပ်ပြာကူးပြိုင်ပွဲတွင်အဆင့်(၄၃)ကိုလည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင်စန်းနိုင်ကအမျိုးသား မီတာ(၅၀၀၀) အပြေးပြိုင်ပွဲတွင် အဆင့်(၄၉)၊ ဆွေလီမြင့်က အမျိုးသမီးမီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် အဆင့်(၆၂)ကိုလည်းကောင်း ရရှိခဲ့ပါသည်။

## Asian Men's Club Volleyball Championship ပြိုင်ပွဲကျင်းပခြင်း



အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသော 2016 Asian Men's Club Volleyball Championship ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ(၂၃)ရက်နေ့က နေပြည်တော်၊ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ တိုင်ပေ၊ ဟောင်ကောင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ အီရန်၊ အီရတ်၊ UAE၊ ကာတာနှင့် ကာဇက်စတန်နိုင်ငံများမှ ချန်ပီယံကလပ်အသင်း(၁၄)သင်းတို့ပါဝင်၍ ဩဂုတ်လ(၃၁)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ၂၀၁၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲများကျင်းပပြုလုပ်ခြင်း



၂၀၁၆ ခုနှစ်၊ အဌမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင်လ (၁၈)ရက်နေ့မှစတင်၍လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် (အမျိုးသား)အလွတ်တန်း ဘောလုံးပြိုင်ပွဲကိုဩဂုတ်လ(၄)ရက်နေ့မှစတင်၍လည်းကောင်း၊ (အမျိုးသမီး)ဘောလုံးပြိုင်ပွဲကို ဩဂုတ်လ(၂၇)ရက်နေ့မှစတင်၍လည်းကောင်း နေပြည်တော်၊ဝဏ္ဏသိဒ္ဓိအားကစားနယ်မြေ ဘောလုံးကွင်းများတွင် ယှဉ်ပြိုင်ခဲ့ကြပါသည်။ စက်တင်ဘာလ(၁၁)ရက်နေ့တွင် ကျင်းပသည့် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင်အနိုင်ရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တံခွန်စိုက်ဆုဖလား ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

# ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ဆောင်ရွက်ခဲ့သည့် အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ခါတ်ခွဲဝန်ထမ်းများအတွက် သလိပ်ကြည့်တီဘီဓါတ်ခွဲ (Sputum Microscopy) သင်တန်း | သင်တန်း | (၂၅) ဦး |
| ၂ | ရင်ခေါင်းဓါတ်မှန်ကြည့်ရှုခြင်း (Chest X-ray ) ဆရာဖြစ်သင်တန်း | သင်တန်း | (၅၀) ဦး |
| ၃ | တီဘီရောဂါဆိုင်ရာနည်းပညာရှင်အဖွဲ့ (Core Technical Surpport Group) အစည်းအဝေး | အစည်းအဝေး | (၃၀) ဦး |
| ၄ | တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၂၀) ဦး |
| ၅ | တီဘီဓါတ်ခွဲလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်ဆန်းစစ်ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၀) ဦး |
| ၆ | သုံးလပါတ်လုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ် တီဘီဆရာဝန်ကြီးများနှင့် စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | အစည်းအဝေး | (၄၅) ဦး |
| ၇ | တီဘီရောဂါဆိုင်ရာနည်းပညာရှင်အဖွဲ့ (Extended Technical Surpport Group) အစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၈ | တီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၅၀) ဦး |

### ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | မိခင်မှကလေးသို့ HIV ပိုးကူးစက်မှုကာကွယ်ခြင်းလုပ်ငန်း (Prevention of Mother to Child Transmission - PMTCT) ဆန်းစစ်ခြင်းဆိုင်ရာ သုတေသနရလဒ်များ အသိပေးရှင်းလင်းဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၀)ဦး |
| ၂ | ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၏နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၁၄၀) ဦး |
| ၃ | HIV ကူးစက်မှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းစဉ်များ (HIV Surveillance) အတွက် ဗဟိုအဆင့်ဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၅) ဦး |
| ၄ | အန္တရာယ်ရှိသည့်ဦးတည်အုပ်စုများအတွက် ပိုမိုထိရောက်သည့် အိပ်ချ်အိုင်ဗွီရောဂါ ကာကွယ်တားဆီးရေး နှင့်ကုသရေးလုပ်ငန်းများအတွက် Programmatic Mapping အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၄၃) ဦး |
| ၅ | Global Fund အထောက်အပံ့ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များရေးဆွဲခြင်းလုပ်ငန်းအစည်းအဝေး | အစည်းအဝေး | (၈၂) ဦး |
| ၆ | ဆရာဝန်များနှင့်သူနာပြုများအား အေအာတီဆေးကုသမှု (Anti-retrovial Therapy) သင်တန်း | သင်တန်း | (၃၆) ဦး |
| ၇ | ဦးတည်အုပ်စုများတွင်ရာနှုန်းပြည့်ကွန်ဒုံးအသုံးပြုရေး (100% Targetted Condom Promotion) ဗဟိုအဆင့်သင်တန်း | သင်တန်း | (၈၁) ဦး |

### ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကွင်းဆင်းဝန်ထမ်းများအတွက်ရောဂါပိုးမျိုးသယ်ဆောင်သောပိုးမွှားကောင်များမှတဆင့်ကူးစက်တတ်သော ရောဂါများကာကွယ်နှိမ်နင်းရေး (ရပကန) (Vector Borne Diseases Control - VBDC) သင်တန်း | သင်တန်း | (၅၃) ဦး |
| ၂ | ရပကန နှစ်ပတ်လည်လုပ်ငန်းများပြန်လည်ဆန်းစစ်ဆွေးနွေးပွဲအစည်းအဝေး | အစည်းအဝေး | (၁၁၄) ဦး |
| ၃ | ငှက်ဖျားဆေးဝါးပစ္စည်းများစာရင်းထိန်းသိမ်းခြင်း (Logistic Management Information System - LMIS) သင်တန်း | သင်တန်း | (၁၀၅) ဦး |
| ၄ | ငှက်ဖျားဆေးဝါးပစ္စည်းများကို စာရင်းဖြည့်သွင်းခြင်းသင်တန်း (mSupply Training) | သင်တန်း | (၅၂) ဦး |
| ၅ | (၂)လတစ်ကြိမ် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၅၁) ဦး |
| ၆ | ငှက်ဖျားမှန်ဘီလူးကြည့်မှမ်းမံသင်တန်း (၂-ကြိမ်) | သင်တန်း | (၄၉)ဦး |
| ၇ | ကီမိလဗေဒသင်တန်း(Entomology Training) | သင်တန်း | (၂၂) ဦး |
| ၈ | ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အထောက်အပံ့ဖြင့်ပြုလုပ်သော လုပ်ငန်းများဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၉ | လက်ထောက်သတင်းအချက်အလက်ဖြည့်သွင်းဆောင်ရွက်သူ (Data Assistant)များအတွက်သင်တန်း | သင်တန်း | (၇၆)ဦး |
| ၁၀ | စေတနာ့ဝန်ထမ်း ငှက်ဖျားလူထုကျန်းမာရေးလုပ်သားများအတွက် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး သင်တန်း | သင်တန်း | (၃၃၅) ဦး |
| ၁၁ | ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက်ငှက်ဖျားရောဂါဆိုင်ရာကာကွယ်ကုသမှုသင်တန်းများ | သင်တန်း | (၂၄၀၁) ဦး |
| ၁၂ | ကွင်းဆင်းဝန်ထမ်းများအတွက်သင်တန်းများ | သင်တန်း | (၃၉၂) ဦး |

### အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | Leprosy Post-Exposure Prophylaxis (LPEP) စီမံချက်၏နှစ်ဝက်အစီရင်ခံတင်ပြခြင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၂ | WHO အဖွဲ့မှ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်အား ကွင်းဆင်းကြီးကြပ်ခြင်း အနှစ်ချုပ် အစီရင်ခံ တင်ပြခြင်း အစည်းအဝေး | အစည်းအဝေး | (၁၅) ဦး |
| ၃ | အနာကြီးရောဂါတိုက်ဖျက်ရေးဝန်ထမ်းများအား အနာကြီးရောဂါလူနာ ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေး လုပ်ငန်းသင်တန်းများ (စုစုပေါင်း-၁၈ ကြိမ်) | သင်တန်း | (၁၀၁၆) ဦး |
| ၄ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ မြို့နယ်များမှ အနာကြီးရောဂါတိုက်ဖျက်ရေးဝန်ထမ်းများ (Township Focal Persons - LHV, THN, PHS-I, PHS-II) အား သင်တန်းပို့ချခြင်း | သင်တန်း | (၂၉) ဦး |

### မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | မျက်စိအမြင်စမ်းသပ်ခြင်းနှင့်ပဏာမစောင့်ရှောက်မှုသင်တန်း (Vision Screening & Primary Eye Care Training ) | သင်တန်း | (၅၀) ဦး |

### မကူးစက်နိုင်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကလေးကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ( Childhood Cancer Control Programme) အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၇၀) ဦး |
| ၂ | ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးအမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၇) ဦး |
| ၃ | ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာအမျိုးသားစီမံကိန်း (၂၀၁၇-၂၀၂၂) ရေးဆွဲရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး | အစည်းအဝေး | (၃၅) ဦး |
| ၄ | ကျန်းမာရေးဝန်ထမ်းများ (Medical Officers and Basic Health Staff) အတွက် မကူးစက်နိုင်သော ရောဂါများကာကွယ်ကုသရေးလုပ်ငန်းဆိုင်ရာမွမ်းမံသင်တန်း | သင်တန်း | (၄၀) ဦး |
| ၅ | စိတ်ကျန်းမာရေးဆိုင်ရာသုတေသနလုပ်ငန်းစွမ်းရည်မြှင့်တင်ရေးသင်တန်း | သင်တန်း | (၁၂) ဦး |

### အခြေခံကျန်းမာရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနား | ဖွင့်ပွဲအခမ်းအနား | (၄၅၀) ဦး |
